EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၄

ဩဂုတ် ၂၅ ရက်၊ ၂၀၂၀

# အခြေခံဥပဒေပါပြဋ္ဌာန်းချက်ဖောက်ဖျက်မှုဖြင့် ကယားပြည်နယ် ဝန်ကြီးချုပ် စုံစမ်းစစ်ဆေးခံရ

ဩဂုတ် ၂၀၊ ၂၀၂၀

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ ဖောက်ဖျက်သည်ဆိုသော ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှိုကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြသဖြင့် စုံစမ်းစစ်ဆေးရေးဖွဲ့ ဖွဲ့ကာ စစ်ဆေးနေကြောင်း ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၅ ၊ ပုဒ်မ ၂၆၃(က) ပါပြဋ္ဌာန်းချက်များတွင် နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ အကျင့်သိက္ခာ ဖောက်ဖျက်ခြင်း၊ ဝန်ကြီးချုပ်အရည်အချင်း ပျက်ယွင်းခြင်း၊ ဥပဒေအရပေးအပ်ထားသော တာဝန်ကို ကျေပွန်စွာမဆောင်ရွက်ခြင်းစသည့် အချက်ငါးချက် ပါဝင်သည်။

ထိုအချက်များကို ဖောက်ဖျက်၍ဆိုကာ ပြည်နယ်လွှတ်တော်၏ စုစုပေါင်းကိုယ်စားလှယ် ဦးရေ၏ လေးပုံတစ်ပုံက လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌလည်းဖြစ်သူ ဦးသဲရယ်က ပြောသည်။

နှစ်စဉ် ကယားပြည်နယ်နေ့အခမ်းအနားကျင်းပရာ မြေနေရာ၌ စီးပွားရေးလုပ်ငန်း မလုပ်ကိုင်ဘဲ အများပြည်သူပိုင်အဖြစ်ထားရှိရေးအဆိုကို လွှတ်တော်တွင်အတည်ပြုထားသော်လည်း အကောင်အထည်ဖော်ရန် အကြိမ်ကြိမ်ပျက်ကွက်သည်ဆိုကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက အရေးယူပေးရန် တင်ပြထားသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များအရ ဝန်ကြီးချုပ်အယ်ဖောင်းရှိုသည် စက်ယန္တရားများအငှားချရာမှ ရရှိသည့် ရန်ပုံငွေကို ကိုယ်ပိုင်ပြုလုပ်ခြင်း၊ ကယားပြည်နယ်နေ့ကျင်းပသည့် မြေနေရာကို စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် နှစ် ၅၀ စာ စာချုပ်ချုပ်ဆိုထားကြောင်းနှင့် စီးပွားရေးလုပ်ငန်းများထံ အငှားချထားသည့် မြေတူးစက်ပါ စက်ယန္တရား ၁၈ စီး ငှားရမ်းခငွေကျပ်သိန်း ၄၀၀၀ နီးပါးကို ပြည်သူ့ဘဏ္ဍာငွေစာရင်းသို့ ထည့်သွင်းခြင်းမရှိဘဲ ကိုယ်ပိုင်ငွေစာရင်းတွင် ထည့်သွင်းကာ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်ဟု ဦးသဲရယ်က ပြောသည်။

မြေတူးစက်ပါ စက်ယန္တရား ၁၈ စီး ငှားရမ်းရငွေနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တွင် ပြည်နယ်စာရင်းစစ်ချုပ်က စစ်ဆေးခဲ့ရာတွင် ပြည်သူ့ဘဏ္ဍာငွေထဲသို့ အပြည့်အဝမရောက်ရှိခဲ့ဘဲ အစိုးရအဖွဲ့သည် လက်ကျန်ငွေအနည်းငယ်ကိုသာ စာရင်းသွင်းခဲ့သည်ဟုလည်း ဦးသဲရယ်ကပြောသည်။

“ဒီပြဿနာပေါ်ပေါက်ပြီးမှ သူတို့ဆောင်ရွက်တဲ့ကိစ္စတွေပါ။ ၂၀၁၆ ကနေ ၂၀၁၈ အထိတော့ သူတို့ကိုယ်ပိုင်စာရင်းဖွင့်ပြီးသုံးနေတာကို တွေ့ရတာပေါ့။ နောက်ပိုင်းကျတော့ မရှိတော့ပါဘူး။ သို့ပေမဲ့လည်း ဒီစက်ယန္တရားတွေက တော်တော်လေးသုံးမရတော့ ငှားမရတော့တဲ့အခြေအနေဖြစ်သွားတာပေါ့”ဟု ၎င်းက ပြောသည်။

ခန့်မှန်းခြေ သုံးကေခန့်ရှိမြေနေရာတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုထားခြင်းကို ကွင်းဆင်းစစ်ဆေးခဲ့သည့်အပြင် စက်ယန္တရားငှားရမ်းခြင်းနှင့်ပတ်သက်၍ စာရင်းစစ်ချုပ်ကို ခေါ်ယူမေးမြန်းထားကြောင်းလည်း ၎င်းကပြောသည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှို (ဓာတ်ပုံ - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး Facebook)

ဦးသဲရယ် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဩဂုတ် ၁၄ တွင် စတင်ဖွဲ့စည်းပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဩဂုတ် ၂၈ ရက်တွင် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားပါက တာဝန်မှရပ်ဆိုင်းခံရနိုင်ကြောင်း ၎င်းက ပြောသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှိုသည် ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် မယ်စဲ့မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။

(ကိုးကား- https://www.myanmar-now.org/mm/news/)

# ပဲ့စင်ကျွန်းကိစ္စ လျှို့ဝှက်စရာကိစ္စမဟုတ်ဟု တိုင်းလွှတ်တော်ဒု-ဥက္ကဋ္ဌ ပြော

ဇူလိုင် ၂၀၊ ၂၀၂၀

ပဲ့စင်ကျွန်းလျှောက်ထားမှုနှင့်ပတ်သက်၍ တိုင်းအစိုးရအဖွဲ့က ပေးခဲ့သည့် သဘောထားမှတ်ချက်မှာ လျှို့ဝှက်စရာကိစ္စမဟုတ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးကြည်စိုးက ပြောကြားသည်။ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးကိစ္စအတွက် ကျိုးပေါက်စေမည့်ကိစ္စမှလွဲ၍ ပြည်သူများ သိသင့်သိထိုက်သည့် အခြားကိစ္စမှန်သမျှကို လျှို့ဝှက်စရာအကြောင်းမရှိကြောင်း ၎င်းက ဆိုသည်။

လောင်းလုံးမြို့နယ်အတွင်း ဧက ၁၄၀ ရှိ ပဲ့စင်ကျွန်းကို ရန်ကုန်မြို့အခြေစိုက် Excellent Fortune Development Group ကုမ္ပဏီက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားခဲ့သည်။ အဆိုပါကျွန်းပေါ်တွင် နိုင်ငံတကာအဆင့်မီ ခရီးသွားလုပ်ငန်းများနှင့် အိမ်ရာစီမံကိန်းအပါအဝင် လုပ်ငန်းကြီးများလုပ်ရန်အတွက် အထက်ပါကုမ္ပဏီက ဗဟိုမြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီထံ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ထိုသို့လျှောက်ထားမှုအပေါ် တိုင်းဒေသကြီးအစိုးရက ဗဟိုမြေလွတ်၊ မြေလပ်ကော်မတီထံ သဘောထားမှတ်ချက်ပေးရသည်။ ဗဟိုမြေလွတ်၊ မြေလပ်ကော်မတီထံပေးခဲ့သည့် သဘောထားမှတ်ချက်က တိုင်းအစိုးရအဖွဲ့အစည်းအဝေး၏ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်နေသည့်အတွက် ထုတ်ပြန်၍မရကြောင်း တိုင်းအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြောဆိုထားသည်။

ထိုသို့ ထိပ်တန်းလျှို့ဝှက်ဖြစ်နေသည့်အတွက် အများပြည်သူကို ထုတ်ပြန်၍မရကြောင်းပြောဆိုချက်မှာ (NLD) ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းနှင့်လည်း မကိုက်ညီကြောင်း တိုင်းလွှတ်တော်ဒု-ဥက္ကဋ္ဌဦးကြည်စိုးက ဆိုသည်။

"ရွေးကောက်ပွဲကြေညာစာတမ်းမှာ ပေးထားတဲ့ကတိအတိုင်းပဲ တည်အောင် ကြိုးစားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆတယ်" ဟု ဦးကြည်စိုးက ပြောသည်။

ပဲ့စင်ကျွန်းကို လုပ်ပိုင်ခွင့်လျှောက်ထားသည့် ဦးစိုင်းမျိုးဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်နန်းခင်မြင့်ရီအမည်များဖြင့် လောင်းလုံးမြို့နယ်အတွင်းရှိ ကျွန်းနှင့်ကမ်းခြေနေရာငါးခုတွင် မြေအကျယ်အဝန်းဧက ၇၀၀ နီးပါးကို မြေလွတ်မြေလပ်လုပ်ပိုင်ခွင့် လျှောက်ထားခဲ့သည်။ ထို့အပြင် ယင်းမြို့နယ်အတွင်းရှိ အခြားနေရာ ၂ ခုတွင်လည်း လုပ်ပိုင်ခွင့် လျှောက်ထားရန်ပြင်ဆင်နေသည်ဟု တိုင်းမြေစာရင်းဌာနထံမှ သိရသည်။

အရပ်ဘက်အဖွဲ့အစည်း ၁၆ ခုက ထားဝယ်ခရိုင်အတွင်းရှိ ပဲ့စင်ကျွန်းအပါအဝင် ကျွန်းနှင့်ကမ်းခြေများကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတစ်ယောက်လက်ဝယ်သို့ အလွယ်တကူ လုပ်ပိုင်ခွင့်မပေးရန် တောင်းဆိုထားသည်။

**(ကိုးကား- http://www.daweiwatch.com/ )**

---

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ (၅) နှစ်တာကာလအတွင်း တစ်ကြိမ်တစ်ခါမျှ လွှတ်တော်ကိုတင်ပြခဲ့ခြင်းမရှိဟုဆို

ဩဂုတ် ၁၉၊ ၂၀၂၀

ဝန်ကြီးချုပ်ဦးညီပုဦးဆောင်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် (၅) နှစ်တာကာလအတွင်း တစ်နှစ်ဆောင်ရွက်များကို တစ်ကြိမ်တစ်ခါမျှ ရခိုင်ပြည်နယ်လွှတ်တော်ကို တင်ပြခဲ့ခြင်းမရှိခဲ့သလို ရခိုင်ပြည်နယ်၏ ထူးခြားဖြစ်စဉ်များကိုလည်း တစ်ကြိမ်တစ်ခါမျှ လွှတ်တော်သို့တင်ပြခဲ့ခြင်း မရှိခဲ့ကြောင်း၊ ထိုသို့မတင်ပြခဲ့ခြင်းမှာ လွှတ်တော်ကို အလေးမထား၍ဖြစ်ကြောင်း ရခိုင်ပြည်နယ်လွှတ်တော်ဒု-ဥက္ကဋ္ဌဦးမြသန်းက ပြောသည်။

"တစ်နှစ်တစ်ခါ တင်ပြတာမရှိခဲ့ဘူး။ အထူးသဖြင့် တစ်နှစ်တစ်ခါ လုပ်ဆောင်ချက်များကို လွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ ဒီလိုတင်ပြရမယ်ဆိုတာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ဥပဒေမှာလည်း ပြဋ္ဌာန်းထားသလို လွှတ်တော်ဆိုင်ရာဥပဒေမှာလည်း ပြဋ္ဌာန်းထားပါတယ်။ အမှန်မှာ တစ်နှစ်မှာ တစ်ခါ သူတို့ဘာတွေလုပ်ခဲ့တယ်။ ဘာလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်။ ထူးထူးခြားခြားဖြစ်စဉ်တွေရှိခဲ့တယ်ဆိုတာ တစ်နှစ်တစ်ခါ တင်ပြရမယ်ဆိုတာ ရှိပါတယ်။ တစ်ကြိမ်တစ်ခါမှ ၅ နှစ်သက်တမ်းမှာ တင်ပြတာမရှိပါဘူးခင်ဗျား။"

ယခုကဲ့သို့ မတင်ပြခြင်းမှာ လွှတ်တော်ကို အလေးမထား၍ဖြစ်ကြောင်း ၎င်းက ပြောသည်။

"အဲဒါ ကျွန်တော်ထင်တာက လွှတ်တော်ကို အလေးမထားလို့ဘဲ ကျွန်တော်ကထင်ပါတယ်။ ဝန်ကြီးချုပ်ကို NLD အစိုးရသမ္မတကနေ တိုက်ရိုက်ခန့်အပ်တာကြောင့် လွှတ်တော်ကိုအလေးမထားတာထင်တယ်။ နောက်လာမယ့် ၂၀၂၀ နောက်ပိုင်းတွင်လည်း အလားတူ လုပ်ဆောင်လာရင် ရခိုင်ပြည်နယ်လွှတ်တော်အနေနဲ့ ပိုအခက်ခဲ ဖြစ်လာနိုင်ပါတယ်။"

တစ်နှစ်တစ်ခါ အစိုးရ၏လုပ်ဆောင်ချက်များကို ပြည်နယ်လွှတ်တော်သို့ မတင်ပြခြင်းမှာ ပြည်နယ်အစိုးရ၏ အားနည်းချက်ဖြစ်ပြီး တစ်နေ့တစ်ချိန်ချိန်တွင် ဥပဒေကြောင်းအရ ဝေဖန်ထောက်ပြသွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကနီးနေပြီဖြစ်သော်လည်း ရွေးကောက်ပွဲအပြီး နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီတွင် လွှတ်တော်ပုံမှန်အစည်းအဝေးကျင်းပချိန်တွင် ထောက်ပြရမည်ဖြစ်ကြောင်း ပြောသည်။

**(ကိုးကား- နိုရဉ္စရာ)**



# မွန်ပြည်နယ် ကရင်ဝန်ကြီး ပြန်လည်ရွေးချယ်မခံရသည့်အပေါ် ထောက်ခံသူများ မေးခွန်းထုတ်

ဩဂုတ် ၉၊ ၂၀၂၀

မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်ကို NLD ပါတီဗဟိုမှ လာမည့်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ပြန်လည်မရွေးချယ်တော့သည့်အပေါ် ၎င်းကိုထောက်ခံသူများက မေးခွန်းထုတ်လာကြသည်ဟု သိရသည်။

မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူးစောဆန်းဝင်းက "ပအိုဝ်းဝန်ကြီး၊ ဗမာဝန်ကြီးတွေ အကုန်ပြန်ပါလာတယ်လေ။ ကရင်ဝန်ကြီးစောအောင်မြင့်ခိုင် ပြန်မပါလာတဲ့အပေါ် အားလုံးက စိတ်မကောင်းဖြစ်တယ်။ ပြည်နယ်ရဲ့ ရာဘာစီးပွားရေးလုပ်ငန်းတွေ၊ ကရင်စာပေယဉ်ကျေးမှုကိစ္စတွေမှာ သူက ထဲထဲဝင်ဝင် ပါဝင်ပူးပေါင်းဆောင်ရွက်နေတဲ့လူပါ။ သူပြန်ပါလာမယ်လို့ အားလုံးက မျှော်လင့်ထားခဲ့ကြတယ်။ ပါတီဗဟိုကနေ ဘယ်လိုရွေးချယ်ကြလဲတော့ မသိဘူး"ဟု ပြောသည်။

အမျိုးသားဒီမိုကရေးစီအဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့် ဇူလိုင် ၂၃ ရက်နေ့က ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ၏ကိုယ်စားလှယ်လောင်း ၁,၁၃၁ ဦး ထုတ်ပြန်ကြေညာခဲ့ကြပြီး မွန်ပြည်နယ်ရှိလူထုထောက်ခံသည့် NLD ပါတီ ကိုယ်စားလှယ်လောင်းအချို့ ပြန်လည်ရွေးချယ်မခံရသည့်အတွက် ထောက်ခံသူများမှ ဝေဖန်ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မွန်ပြည်နယ်ရှိ အပစ်ရပ် NCA စာချုပ်လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ နယ်မြေခံခေါင်းဆောင်များ၊ ကရင်စာပေယဉ်ကျေးမှုကော်မတီအဖွဲ့များ၊ ကရင်လူထုများနှင့် အခြားထောက်ခံသူများက ဝန်ကြီးစောအောင်မြင့်ခိုင်အား ပြန်လည်အရွေးခံစေလိုပြီး ဝန်ကြီးအနေဖြင့် ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်တွင် အမည်စာရင်းတင်ခဲ့သည်ဟု ထောက်ခံ သူများထံမှ သိရသည်။

"ပါတီဘက်ခြမ်းက အဆင့်ဆင့်ရွေးချယ်တဲ့အခါမှာ သူတို့ရွေးချယ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ သူတို့အပိုင်းမှာပဲ မူတည်မယ် ထင်ပါတယ်။ ကျွန်တော်ကတော့ သူတို့ရွေးချယ်ရင်လုပ်မှာပေါ့။ မရွေးချယ်ရင်တော့ မလုပ်ရဘူးပေါ့။ ထောက်ခံကြတဲ့ လူထုတွေကို အများကြီးကျေးဇူးတင်ပါတယ်။ နိုင်ငံရေးက ဒီလောက်နဲ့မပြီးသေးပါဘူး။ ကိုယ့်တိုင်းရင်းသားအတွက်ရော၊ အများအကျိုးရော ဆက်လုပ်သွားပါ့မယ်"ဟု မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး စောအောင်မြင့်ခိုင်က ပြီးခဲ့သည့် ဇူလိုင်လက ကေအိုင်စီသို့ ပြောခဲ့သည်။

မွန်ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းမှု အများဆုံးဖြစ်သည့် သထုံမဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် မွန်ပြည်နယ်ရှိ ကရင်တိုင်းရင်းသားအများစုထောက်ခံသည့် ကရင်ရေးရာဝန်ကြီးစောအောင်မြင့်ခိုင်တို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းနေရာတွင် ပြန်လည်ရွေးချယ်မှုမရှိသည့်အတွက် ဒေသခံများက ပါတီအပေါ် ဝေဖန်ထောက်ပြမှုအမျိုးမျိုး ထွက်ပေါ်လျက်ရှိသည်။ **(ကိုးကား-ကေအိုင်စီ)**